ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

https://nugmyanmar.org

## အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၆/၂၀၂၁)

### ၂၄ စက်တင်ဘာလ ၂၀၂၁ခုနှစ်

၁။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင်အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာတွင် တိုင်းဒေသကြီး နှစ်ခု၌ စစ်ကောင်စီက အရပ်သားများအပေါ် စတင်ထိုးစစ်ဆင်၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဇူလိုင်၊ ဩဂုတ် နှင့်စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ အသက်သေဆုံးသည်အထိ ညှင်းပန်းနှိပ်စက်မှုများ၊ တရားဥပဒေမဲ့ ဖမ်းဆီးမှုများကို ဖော်ပြထားပါသည်။ လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာစစ်တပ်အား လက်နက်များတင်ပို့ရောင်းချခြင်းနှင့် စစ်ရေးအကူအညီပေးအပ်ခြင်းများ ရပ်တန့်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများ အမြန်ဆုံးရပ်တန့်ပြီး တရားမျှတမှုအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးအပါအဝင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ မှတဆင့် ထိထိရောက်ရောက်ဆောင်ရွက်ကြရန်နှင့် အကြမ်းဖက်ခံနေရသော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးများမှ ပြည်သူများအပါအဝင် မြန်မာပြည်သူများအား လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးရန် လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာနက တောင်းဆိုထားပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနက အောက်ပါရည်ရွယ်ချက်များဖြင့် ပေးပို့လာသည့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည်။

“၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဌာန်းရခြင်း ရည်ရွယ်ချက်များ”

၁။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မတိုင်မီ ၂၀၂၁ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို မဖြစ်မနေ ပြဌာန်းနိုင်ရေး။

၂။ အမျိုးသားညီညွတ်ရေးအစိုးရမှ စစ်အာဏာရှင် ပြုတ်ကျရေးအတွက် အဓိက လိုအပ်လျက်ရှိသည့် ဘဏ္ဍာရန်ပုံငွေများကို အခွန်ထမ်းပြည်သူများ ကိုယ်တိုင် လိုလားစွာ ပေးဆောင်နိုင်သည့် အခွန်နှုန်းထားများနှင့် အညီ ကောက်ခံရရှိနိုင်ရေး။

၃။ ပြည်သူလူထုအပေါ် အဓိက ဝန်ထုတ်ဝန်ပိုးမဖြစ်စေမည့် အခွန်နှုန်းထားများကို ခေတ်ကာလ အခြေအနေနှင့်လျော်ညီစွာ ပြဌာန်းပြီး ပြည်သူနှင့်အတူ နွေဦးတော်လှန်ရေး အမြန်ဆုံးအောင်မြင်နိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဘတ်ဂျက်အသုံးစရိတ်လိုအပ်ချက်ကို ပြည်သူများလိုလားစွာ ထမ်းဆောင်သည့် အခွန်ဘဏ္ဍာရန်ပုံငွေများဖြင့် စနစ်တကျ သုံးစွဲနိုင်ရေး။

၃။ ကာကွယ်မှုပေးရန် တာဝန်ရှိမှု (Responsibility to Protect) ဆိုင်ရာ ဝန်ကြီးအဆင့် နှစ်စဉ်အစည်းအဝေးကို “ကာကွယ်မှုပေးရန် တာဝန်ရှိမှုနှင့် ဆိုးဝါးပြင်းထန်သည့် လုပ်ရပ်များ ကာကွယ်တားဆီးမှု တွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့ရာ ကုလသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကျော်မိုးထွန်း တက်ရောက် စကားပြောကြားခဲ့သည်။ ပြောကြားမှုတွင် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် အခြားဆိုးဝါးသော ပြစ်မှုကျူးလွန်မှုများကို ကာကွယ်တားဆီးရေးနှင့် ပြစ်မှု ကျူးလွန်သူများကို တာဝန်ခံမှုရှိရေး တို့အတွက် နိုင်ငံတကာ အသိုက်အဝန်း၏ ထောက်ခံ အားပေးမှုဟာ အထူးအရေးကြီးကြောင်း၊ မြန်မာစစ်တပ်၏ ပြစ်ဒဏ် ခတ်ခြင်းမှကင်းလွတ်နေသော ဆိုးဝါးသည့် အစဉ်အလာကို ရပ်တန့်ရာမှာ နိုင်ငံတကာ အသိုက်အဝန်းနှင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း၊ ကုလသမဂ္ဂ၏ စိစစ်မှတ်တမ်းတွေအရ မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေခံသည့် အကြမ်းဖက်မှုသည် မြန်မာစစ်တပ်စစ်ဆင်ရေး၏ ဝိသေသ လက္ခဏာ ဖြစ်ကြောင်းနှင့် ပဋိပက္ခ ဖြစ်ပွားမှုနှင့်ဆက်စပ်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟာ မြန်မာစစ်တပ်၏ စစ်ဗျူဟာ တစ်ရပ် ဖြစ်ကြောင်း၊ အကြမ်းဖက်စစ်တပ်ကျူးလွန်ခဲ့၊ ကျူးလွန်နေဆဲဖြစ်သည့် ပြစ်မှုများနှင့် ပတ်သက်၍ အရေးယူနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လွတ်လပ်သော စုံစမ်း စစ်ဆေးရေးယန္တရား

အပါအဝင် အခြားအပြည်ပြည် ဆိုင်ရာ တရားဥပဒေ၊ တာဝန်ခံမှု ဆိုင်ရာ ယန္တရားများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ ပါဝင်ပါသည်။